အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေကြမ်း

=======================================================

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

(ဂ) နမူနာပစ္စည်းအား ဓာတ်ခွဲစစ်ဆေးလိုသူက စုဆောင်းလာသည့် ရက်စွဲ၊

(ဃ) နမူနာပစ္စည်းအား ဓာတ်ခွဲခန်းက လက်ခံရရှိသည့် ရက်စွဲ၊

(င) လက်ခံရရှိသည့် အချိန်တွင် တွေ့မြင်ရသည့် နမူနာပစ္စည်း၏ မျက်မြင်အခြေအနေ၊

(စ) စစ်ဆေးလိုသည့် ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစားများ။

၂၄။ သက်ဆိုင်ရာဓာတ်ခွဲခန်းသည် -

(က) နမူနာပစ္စည်းရယူခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်းနှင့် သယ်ယူ ပို့ဆောင်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို ဓာတ်ခွဲ စစ်ဆေးလိုသူက လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် နမူနာပစ္စည်း အား လက်ခံစစ်ဆေးခြင်း မပြုရ။

(ခ) ဓာတ်ခွဲစစ်ဆေးရန် သတ်မှတ်ထားသော နမူနာပစ္စည်းပမာဏ ပြည့်မီခြင်းမရှိလျှင် နမူနာပစ္စည်းအား လက်ခံစစ်ဆေးခြင်း မပြုရ။

၂၅။ ဓာတ်ခွဲအဖြေများ ပိုမိုတိကျမှုရှိစေရန် လိုအပ်ပါက နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင် ရရှိထားသည့် ဓာတ်ခွဲခန်းအချင်းချင်းပေးပို့ စစ်ဆေးနိုင်သည်။

၂၆။ ဓာတ်ခွဲအဖြေတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) ဓာတ်ခွဲခန်းအမည်နှင့် တည်ရှိရာလိပ်စာ၊

(ခ) ဓာတ်ခွဲအဖြေနံပါတ်၊

(ဂ) ဓာတ်ခွဲစစ်ဆေးရန် နမူနာပစ္စည်းပေးပို့သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်၊

(ဃ) အသုံးပြုသည့် ဓာတ်ခွဲနည်းလမ်း၊

(င) နမူနာပစ္စည်း၏ လက်ခံရရှိစဉ်က အခြေအနေ၊

(စ) နမူနာပစ္စည်း လက်ခံရရှိသည့် ရက်စွဲ၊

(ဆ) ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်သည့် ရက်စွဲ၊

(ဇ) ဓာတ်ခွဲအဖြေအား တိုင်းတာသည့်စံယူနစ် ဖော်ပြချက်၊

(ဈ) စာမျက်နှာ နံပါတ်၊

(ည) ဓာတ်ခွဲစစ်ဆေးသူ၏ လက်မှတ်၊ အမည်၊ ရာထူး၊

(ဋ) ဓာတ်ခွဲခန်းတာဝန်ခံ၏ လက်မှတ်၊ အမည်၊ ရာထူး၊

(၄) ဓာတ်ခွဲအဖြေအား ဓာတ်ခွဲခန်း၏ခွင့်ပြုချက်မရှိဘဲ မမှန်ကန်သော ရည်ရွယ်ချက်ဖြင့် ပွားယူအသုံးပြုခြင်းမပြုရန်ဆိုသည့် ဖော်ပြချက် နှင့် ဓာတ်ခွဲအဖြေသည် စစ်ဆေးထားသော နမူနာပစ္စည်းအတွက် သာ အကျုံးဝင်သည်ဆိုသည့်ဖော်ပြချက်။

အခန်း (၁၁)

ဓာတ်ခွဲခန်းအဖြေအယူခံခြင်း

၂၇။ ဓာတ်ခွဲခန်းတစ်ခုခု၏ ဓာတ်ခွဲအဖြေကို ကျေနပ်မှုမရှိသူသည် နမူနာများ ကို ထပ်မံစစ်ဆေးပေးရန် မူလဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သတ်မှတ်ချက်နှင့်အညီ အယူခံဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေး နိုင်သည်။

၂၈။ အယူခံဓာတ်ခွဲခန်းသည် ပုဒ်မ ၂၇ အရ ပေးပို့လာသည့် နမူနာပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးသည့် နည်းလမ်းပေါ်မူတည်၍ လက်ခံရရှိသည့်နေ့မှ တစ်လ အတွင်း ဓာတ်ခွဲစစ်ဆေး၍ ဓာတ်ခွဲအဖြေထုတ်ပေးရမည်။

၂၉။ အယူခံဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေသည် အပြီးအပြတ်ဖြစ်သည်။

အခန်း (၁၂)

စစ်ဆေးရေးမှူးခန့်အပ်ခြင်းနှင့် ယင်း၏တာဝန်များ

၃၀။ ကြီးကြပ်ရေးကော်မတီသည် ဓာတ်ခွဲခန်းများနှင့်စပ်လျဉ်း၍ ဓာတ်ခွဲခန်း စစ်ဆေးရေးလုပ်ငန်းနှင့် ကောင်းမွန်သော ဓာတ်ခွဲမှုကျင့်စဉ်များကို လိုက်နာ ခြင်း ရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရည်အချင်း နှင့် ကိုက်ညီသူကို စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၁။ စစ်ဆေးရေးမှူးသည်-

(က) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်ရရှိရန် လျှောက်ထားသူ၏ ဓာတ်ခွဲ ခန်းကို ကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေး ၍ ကြီးကြပ်ရေးကော်မတီထံ တင်ပြရမည်။

(ခ) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူ၏ ဓာတ်ခွဲခန်းများကို ပုံမှန် စစ်ဆေးခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့ကို သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဓာတ်ခွဲခန်းများကို စစ်ဆေးရာတွင်-

(၁) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်မရှိဘဲ တည်ထောင်ဖွင့်လှစ် ထားကြောင်းတွေ့ရှိရပါက ကြီးကြပ်ရေးကော်မတီထံ တင်ပြရမည်၊

(၂) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူ၏ ဓာတ်ခွဲခန်းနှင့် စပ်လျဉ်း၍ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ပါ သတ်မှတ်ခွင့်ပြု သော ဓာတ်ခွဲစစ်ဆေးခြင်းမှအပ အခြားဓာတ်ခွဲစစ်ဆေးခြင်း သော်လည်းကောင်း၊ သတ်မှတ်သည့်ဓာတ်ခွဲခန်း အဆင့် အတန်းနှင့် ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ ဓာတ်ခွဲ ခန်းဖွင့်လှစ်ခွင့် လိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်း ချက်များကို

ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခေတ်ခွဲ ခန်းတာဝန်ခံ သို့မဟုတ် ခေတ်ခွဲစစ်ဆေးသူသည် မသမာသောနည်းလမ်းဖြင့် မမှန်ကန်သော ခေတ်ခွဲအဖြေကို ထုတ် ပြန်လျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းရှိလျှင်သော်လည်း ကောင်း၊ မိမိသဘောထားမှတ်ချက်နှင့်အတူ ကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

(ဆက်လက်ဖော်ပြပါမည်)